
စာရေးဆရာ - ဦးဟာန်
ပြင်ဘက်ကင်း
သိုင်းကောရာဇ်
(ချန်ဂိ)
(Chapter 1 -20)
တစဉ် - ၁

# အပိုင်း ( ၁ )

## ချန်စံအိမ်သခင်လေး မွေးဖွားခြင်း

"ဝုန်း ... ဝုန်း ... ဝုန်း ..."

ကောင်းကင်သည် အုန့်ဆိုင်းမှုံမှိုင်း၍ နေကာ ကြယ်ရောင်များက မှိန်ပျပျကလေး လင်းလက်၍ နေ၏။ ထို့နောက်တွင် လေပြင်းများက တစ်ချက်တစ်ချက် တိုက်ခက်၍ နေကာ မိုးရွာတော့မည့် အရိပ်အယောင်က စတင်၍ ဖြစ်ပေါ်ကာ နေသည် ။ ထို့နောက်တွင် မိုးကောင်းကင်ထက်မှ အုန့်မှိုင်းကာ မိုးချိန်းသံများ ပေး၍ ငြိုးအားကြီးစွာ မိုးများ သည် အဆက်မပြတ် စတင်၍ ရွာလျက် ရှိလေ၏။ လေပြင်းများကလည်း တစ်ချက်တစ်ချက် တိုက်ခတ်မှုကြောင့် အပင်များ ဟိုသည် ယိမ်းထိုး နေကြလျက်ရှိပြီး တစ်ချက်တစ်ချက် မိုးချိန်းသံနှင့်အတူ လျှပ်စီးများကလည်း ဝင်းလက်လျက် မိုးကြိုးများ သည် လည်း တအုန်းအုန်း ပစ်လျက်ရှိလေသည် ။

အချိန်အခါမဟုတ် ရွာလေသောမိုးနှင့် ပြင်းထန်လှသော လေပြင်းများကြောင့် မည်သူမျှ အိမ်ပြင်သို့ မထွက်ရဲကြဘဲသာ ရှိနေ၏။ ထိုသို့ မိုးများ သည်းထန်စွာ ရွာသွန်းနေလျက်ပင် ပန်းမြူမြို့တော်၏ တစ်ခုသော ကြီးကျယ်ခမ်းနားလှသည့် ချန်စံအိမ်ကြီးတွင် မီးရောင်များ ထိန်ထိန်လင်းလျက်ရှိကာ ချန်စံအိမ်၏ ချန်အိမ်တော်သခင်ကြီး ချန်ဖေး အပါအဝင် ချန်စံအိမ်မှ အိမ်တော်ထိန်းမှ စ၍ စံအိမ်တံခါးစောင့်အဆုံး မ

ည်သူမျှ မအိပ်နိုင်ရှာဘဲ တစ်စုံတစ်ခုအား ရင်တမမနှင့် စောင့်စိုင်းနေလျက် နေလေသည်။

ထိုတစ်စုံတစ်ခုကား"..."

ချန်စံအိမ်၏ အလယ်တည့်တည့်၌ လွန်စွာခမ်းနားလှပြီး သေသပ်လှပလွန်းသော အိပ်ခန်းတစ်ခု တည်ရှိနေကာ ထိုအိပ်ခန်း၏ ပိုင်ရှင်မှာ မိန်းမတစ်ဦး ဖြစ်ပုံရကာ ထိုအိပ်ခန်းဝန်းကျင်၌ မွှေးရနံ့များက သင်းပျံ့လျက်ရှိကာ သေသပ်လှပလွန်းသည့် အဆောင်၏ အပြင်ဘက်တစ်နေရာတွင် ယခုလက်ရှိ ချန်စံအိမ်၏ သခင်ဖြစ်သော ချန်ကလန်၏ ခေါင်းဆောင်ချန်ဖေးသည် တစ်စုံတစ်ရာအား စိတ်မရှည်စွာနှင့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေကာ သူ၏ မျက်နှာအမူအရာတွင်လည်း စိုးရိမ်မှုများကို အထင်းသား တွေ့မြင်၍ နေကြရသည်။

ယနေ့ညသည် ချန်စံအိမ်သခင်ချန်ဖေး အနေဖြင့် စိတ်ပူမည်ဆိုလျှင်လည်း စိတ်ပူစရာပင် အဘယ့်ကြောင့် ဆိုသော် ယခုသူရပ်နေသော အခန်း၏ အထဲတွင် လွန်ခဲ့သော နာရီအနည်းငယ်ခန့်က ကလေးမီးဖွားလိုသည့် အတွက် ဗိုက်နာပြီး မကြာမီတွင် သူ၏ သားငယ်လေးလား သမီးငယ်လေးလား မသိရသေးသော်လည်း သူ၏ ရင်သွေးတစ်ဦးကို မွေးဖွားတော့မည့် ချန်စံအိမ်သခင်မ ချန်ဇီအာ မီးဖွားရမည့် အချိန်ပင် ဖြစ်လေသည်။

သို့သော် အချိန်များ စွာကြာမြင့်၍ နေပြီဖြစ်သော်လည်း ယခုအချိန်ထိ မိခင်၏ အသံသာ ကြားနေရပြီး ကလေး၏ အသံကို လုံးဝပင် မကြားရသေးသဖြင့် ကလန်ခေါင်းဆောင် ချန်ဖေးအနေဖြင့် စိတ်ပူရမည့်အချိန်ပင် ဖြစ်သည်။ ထိုစဉ်လျှပ်စီးများ ဖျတ်ခနဲ လင်းလက်၍ သွားပြီး ကျယ်လောင်သော မိုးကြိုးလုံး တစ်ခုသည် ကမ္ဘာမြေအား တသိမ့်သိမ့် တုန်

ဟီးစေလောက်သည့် အသံနှင့် လူ့လောကမှ ဧကရာဇ်တစ်ပါး ပြန်လည်မွေးဖွားခြင်းအား ကောင်းချီး ပေးသလိုပင် ကျယ်လောင်သော မိုးကြိုးအသံများ တအုန်းအုန်းဖြင့် မြည်ဟီးကာ မိုးကြိုးများက လျှပ်စီးနှင့်အတူ ကမ္ဘာမြေပြင်ပေါ်သို့ ပစ်ချပြီးသည့် နောက်တွင် တော့ ကလေးငယ်တစ်ဦး၏ ငိုသံအား ကလန်ခေါင်းဆောင် ချန်ဖေးက အခန်းအပြင်ဘက်မှ နေ၍ ကျယ်လောင်စွာဖြင့် ကြားလိုက် ရလေသည် ။

"အူဝဲ ... အူဝဲ ..."

ထို့နောက်တွင် ကလေးငယ်၏ အသံနှင့်အတူ ချန်ကလန်၏ အသက်ကြီးမီးစွဲသည် အဘွားအို၏ ဝမ်းသာအားရ အော်ဟစ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရလေ၏။

"မွေးပြီတော့မွေးပြီ၊ ယောကျ်ားလေးဟေ့ ကလေးရော အမေရော ကျန်းကျန်းမာမာပဲ ကလေးကလဲ ဖြူဖြူဖွေးဖွေး ချစ်စရာကြီးတော် တကယ့်ကို ဉာဏ်ပညာထက်မဲ့ ကလေးပဲ နားရွက်ကြီးတွေက ကားလို့ "

ကလေးငိုသံနှင့် စံအိမ်ရဲ့ လက်စွဲတော်မီးစွဲသည် ရဲ့ အသံကို ကြားပြီးနောက် အခန်းရှေ့တွင် ရပ်နေသော ချန်ဖေးတစ်ယောက် သူ၏ ရင်ထဲမှ အချိန်ကြာမြင့်စွာ ဖြစ်တည်နေလေသော အပူလုံးကြီးက ယခုအခါ၌ လုံးဝပင် ကျသွားလျက် ရှိလေသည် ။ စံအိမ်မှ အကြီးအကဲများက ကလန်ခေါင်းဆောင် ချန်ဖေး၏ အနားသို့စုရုံး၍ ရောက်ရှိလာကြပြီး တစ်ညီတစ်ညာတည်း လက်သီးဆုပ်၍ ဂါရဝ ပြုလိုက်ကြပြီးလျှင် သူတို့၏ မျက်နှာများက ပျော်ရွှင်မှု၏ အာသီသအရ ပြုံးရွှင်ကာဖြင့် ကလန်ခေါင်းဆောင် ချန်ဖေးကို ကြည့်၍ ...

"ဂုဏ်ယူပါတယ် ခေါင်းဆောင်ချန်သခင်ကြီး ခေါင်းဆောင်က ခုအချိန်ကစပြီး စံအိမ်သခင်ကြီးဟာ ကလေးအဖေ ဖြစ်ပါပြီ ချန်သခင်

လေးရဲ့ လက်ထက်မှာ ချန်အိမ်တော်က သည့်ထက်မက အောင်မြင်ပါစေ"

ချန်စံအိမ်အဖွဲ့သားများ ရဲ့ အသံဟာ အငြိုးဖြင့် ရှာချနေသော မိုး၏ အသံကိုပင် အုပ်သွားလျက်ရှိပြီး ရိုသေလေးစားစွာသော အကြည့်များ ဖြင့် စံအိမ်သခင်ချန်ဖေးအား ပြုံး၍ ကြည့်နေကြလေသည်။

ချန်ဖေး၏ မျက်လုံးများမှ မျက်ရည်များ စီးကျ လာပြီး သူ့အနှစ်နှစ် အလလ တောင့်တခဲ့ရသော ဖခင်တစ်ယောက် ဘဝကို ရပြီဖြစ်၍ ပျော်ရွှင်လျက်ရှိလေသည်။ ထို့နောက် ...

"ကဲ ... ချန်စံအိမ် အကြီးကဲများ နှင့် စံအိမ်သားများ အားလုံးနားထောင်၊ ဒီနေ့ ငါချန်ဖေး ဖခင်တစ်ယောက်ဖြစ်တဲ့ အထိမ်းအမှတ်ရယ်၊ အနာဂါတ်ရဲ့ ချန်စံအိမ်သခင်လေး မွေးဖွားတဲ့ အတွက် စံအိမ်မှာ ၃ ရက် ၃ ညတိုင် အောင်ကြီးကျယ်တဲ့ စားသောက်ပွဲကြီးတစ်ခု ပျော်ပွဲစားမယ် ခုချက်ချင်း ပြင်ဆင်ကြ"

"ဟုတ်ကဲ့ပါ ... စံအိမ်သခင်ကြီး"

"ကောင်းပါပြီ ... သခင်ကြီး"

***

စတဲ့ အားပေး ချီးမြှောက်မှုတွေနဲ့ အတူ မိုးများ ဟာလည်း အရှာရပ်တန့်၍ သွားပေမဲ့ စံအိမ်သားများကတော့ သူ့အလုပ်နှင့်သူ စတင်၍ အလုပ်ရှုပ် နေတော့လေသည်။

ထို့နောက် ချန်ဖေးသည် လိုက်ကာစကို အသာမ၍ ဇနီးသည် ချန်ဇီအာ၏ ရင်ခွင်ထဲတွင် အပြစ်ကင်းစွာဖြင့် ပြုံးနေပြီး အိပ်မောကျနေသော သူ၏ ရင်သွေးလေးဆီသို့ အသာချဉ်းကပ်၍ သွားကာ ညင်သာစွာဖြင့် ပွေ့ချီ လိုက်လေသည်။

ထိုစဉ် ... "ဟင် ... "

ကလန်ခေါင်းဆောင် ချန်ဖေးသည် ကလေးငယ်၏ လက်ဖဝါး တစ်နေရာ၌ အနီအစင်းရာ အမှတ်တစ်ခုကို မြင်တွေ့လိုက်ရ၍ ရုတ်တရက် အံ့အားသင့်သွားပြီးမှ သူ၏ မျက်နှာက တစ်ခုခုအား သတိထားလိုက်မိပြီးလျှင် သူက တစ်ဖန် ပြန်လည်၍ ပြုံးရွှင်သော မျက်နှာနှင့် သူ၏ ရင်သွေးကလေးအား ချီမကာ ...

"ငါ့ရဲ့ ချန်အာလေးဟာ အနာဂတ်မှာ ငါတို့ ချန်စံအိမ်ကို ငါ့လက်ထဲကထက် ပိုပြီး အောင်မြင်အောင် လုပ်ဆောင် နိုင်လိမ့်မယ်။ ဒီနေ့ကစပြီး ငါ့သားလေးရဲ့ ဧကရာဇ်အဖြစ် လျှောက်လှမ်းရမဲ့လမ်းဟာ ဖြောင့်ဖြူးသာယာ စေရမယ်။ ပြီးတော့ အခုကစပြီး ငါ့ရဲ့ သားလေးကို ချန်ဇီ လို့ ခေါ်ရမယ်"

"ဟား ဟား ... ချန်ဇီ ချန်ဇီ တယ်လည်း ကောင်းပြီးသားလေးနဲ့ လိုက်တဲ့ နာမည်ပါလား"

ချန်ဖေး၏ အသံသည် အခန်းကလေး အတွင်း၌ အလွန်ကျယ်လောင်စွာ ထွက်ပေါ်၍ လာပြီးလျှင် သူ၏ သားဦးကလေးအား ချော့မြှူ၍ နေပုံကိုကြည့်၍ ခုတင်ထက်တွင် လဲလျောင်းနေသော ချန်ဇီအာမှာ ကြည်လင်စွာပြုံး၍ သူ၏ ခင်ပွန်းဖြစ်သူမှ သူ၏ ရင်သွေးလေးအား ကြည့်ကာ စကားဆိုနေသည် ကို ခုတင်ထက်၌ နွမ်းလျသော မျက်နှာနှင့် စံအိမ်သခင်မချန်ဇီအာ တစ်ယောက် ပြုံးရွှင်စွာဖြင့် သားအဖနှစ်ယောက်အား ကြည့်

၍ သာ နေလေတော့သည် ။

ထိုနေ့သည် ချန်စံအိမ်၏ အထင်ကရ နေ့ထူးနေ့မြတ်တစ်ခု ဖြစ်ပြီး ချန်စံအိမ်၏ အဖွဲ့သားများက ၃ ရက် ၃ ည တိုင်တိုင် စားကောင်းသောက်ဖွယ်များ နှင့် ဧိမ်ကျ၍ ရှိနေကာ ... ချန်စံအိမ်သခင်လေးတစ်ဦး ဖြစ်လာမည့် ချန်ဇီ၏ မွေးဖွားမှုက သာယာချောမွေ့ပြီး သူ၏ ဖခင်ချန်ဖေး၏ စကားအတိုင်း တစ်နေ့မှာ ဧကရာဇ် တစ်ဦးဘ၀ကို ဖြစ်လာ မလာဆိုတာကတော့ ။

***

## အပိုင်း ( ၂ )
## မင်္ဂလာယူခြင်းနှင့် ပျော်ပွဲစားခြင်း

နောက်တစ်နေ့ နံနက်ခင်းတွင် ချန်ကလန်အတွင်း၌ ကလန်သားနှင့် အကြီးအကဲများ ၊ ဧည့်သည် များ အားလုံးသည် ခြေချင်းလိမ်အောင်ပင် သွားလာနေကြပြီး အလုပ်ရှုပ်လျက် ရှိလေသည် ။ ယနေ့သည် ချန်ကလန်၏ သခင်လေးချန်ဇီ၏ ခေါင်းဆောင် မင်္ဂလာနေ့လည်း ဖြစ်လေသည် ။ လူအများ အဝင်အထွက် ရှုပ်လျက် ရှိနေပြီး စံအိမ်၏ အဝင်အဝတွင် ဧည့်ကြိုများ နှင့် ဆူညံလျက် ရှိနေပြီးလျှင် ကလန်အတွင်း၌ လည်း လက်ဆောင်များ နှင့် ပြည့်လျက်ပင်ရှိ၍ နေပေသည် ။

ချန်စံအိမ်သခင်ကြီး ချန်ဖေးသည် ပန်းမြူမြို့တော်တွင် သြဇာကြီးမားပြီး လူသိလည်း များ လေသည် ။ အကြောင်းမှာ ပန်းမြူမြို့တော်၌ ချန်ကလန်၏ ပရဆေးဆိုင်ရှိနေပြီး ထိုဆေးဆိုင်မှာ ပန်းမြူမြို့တော် အတွင်း၌ လည်း ရောင်းအား အကောင်းဆုံး ဆေးဆိုင်လည်း ဖြစ်လေသည် ။ ထို့ကြောင့် လူအများ အနေဖြင့် စံအိမ်သခင်ကြီး ချန်ဖေးနှင့် တွေ့ဆုံ၍ ကောင်းသောဆက်ဆံမှု ရရှိစေရန် လာရောက်ကြခြင်းလည်း ဖြစ်ပေသည် ။

ထိုအချိန်တွင် ကလန်အတွင်းရှိ ကြီးမားသော အဆောက်အအုံကြီး၏ အထဲတွင် တော့ မနေ့ကမှ မွေးဖွားပြီးသော ကလန်သခင်လေးချန်ဇီ

အား မွေးဖွားသည့် နေမှ စ၍ စတင် ခန့်အပ်ထားသော အထိန်းတော် ပျို ရွယ်များ သည် လည်း ကလန်သခင်လေးအား အမွေးနံ့သာများ ၊ ပန်းပွ င့်ဖက်များ နှင့် စိမ်ထားသော ရေကန်အတွင်း၌ ရေချိုးပေး၍ နေပြီး က လန်သခင်လေး ချန်ဇီကတော့ ပြုံးပျော်၍ နေပေသည် ။ ထိုအချိန်တွင် အခန်းထဲသို့ အသက် ၃၅ နှစ်အရွယ် လှပသော အမျိုးသမီးကြီး ဝင်ရော က် လာပြီး ရေချိုးပြီးချိန်၌ အဝတ်အစားသစ်များ နှင့် ချစ်စဖွယ် ကောင်း နေသော ကလေးအား ကြည့်ကာ ပီတိဖြစ်၍ နေပေသည် ။

ထိုကလေးသည် မိမိနှင့် စံအိမ်သခင်ချန်ဖေးတို့ ၏ သားဦးရတနာလ ည်း ဖြစ်ပြီး မိမိဘဝရဲ့ ရင်နှစ်သည်းခြာလည်း ဖြစ်၍ နေပေသည် ။ ချန်ဇီ အာသည် ဖြူဖွေး၍ ဝင်းပနေသော မိမိ၏ သားငယ်အား ယုယကြင်နာစွာဖြင့် ချီပိုးကာဖြင့် အခန်းထဲမှ ထွက် လာပြီးလျှင် အခန်း ရှေ့၌ အသင့်စောင့်၍ နေသော စံအိမ်သခင်ကြီး ချန်ဖေးနှင့်အတူ မိတ် ဆွေများ နှင့် တွေ့ဆုံရန် ဂေဟာအပြင်သို့ ထွက်၍ လာလေသည် ။ များ မကြာမီ ကလန်အဝမှ ဧည့်ကြိုများ ထံမှ အသံများ လွင့်ပျံ၍ လာလေသ ည် ။

"မှစံအိမ်သခင်ကြီး ကြွရောက်လာပါပြီ"

"လင်စံအိမ်နှင့် ချောင်စံအိမ်မှ သခင်ကြီးများ ကြွရောက်လာပါပြီ"

အသံများ ဆူညံ လာပြီး ဧည့်ခံပွဲသည် ပို၍ ပင်သက်ဝင် လှုပ်ရှား၍ လာပေသည် ။

ထိုအချိန်တွင် စံအိမ်ဝမှ ဝဝဖိုင့်ဖိုင့်နှင့် လူထွားကြီးရဲ့ ရယ်သံနှော၍ ပြောလာသော အသံကား ပျံ့လွင့်၍ လာလေသည် ။

"အစ်ကိုတော်ချန်ကတော့ ခုချိန်ထိ သန်မာပြီး နုပျိုနေတုန်းပါပဲလား ဗျာ ကျူပ်ချောင်ဖုန့် ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့မိပါရဲ့ ဗျာ"

"ဟော ... ချောင်စံအိမ် သခင်ကြီးကတော့ မြောက်ပင့်နေပြန်ပါပြီ လာလာ ဒီဘက်ကိုလာပါ သုံးဆောင်ကြပါဦးဗျာ"

အချိန်များ တရွေ့ရွေ့ ကုန်လွန်လာသည် နှင့်အမျှ စံအိမ်သခင်ကြီး ချ န်ဖေးနှင့် စံအိမ်သခင်မ ချန်ဇီအာတို့ မှာ ဧည့်ခံစကားပြောရင်းနှင့်သာ အချိန်များ ကုန်လွန်လာခဲ့ပြီး တချို့သော ဧည့်သည် များကတော့ လက် ဆောင်များ ပေးအပ်ကာ နှုတ်ဆက်၍ ပြန်သွားကြလေသည်။

ထိုစဉ် ...

"ကဲ ... ချန်ဖေးရေ အချိန်လည်း လင့်ပြီမို့ ကျုပ်ပြန်တော့မယ် ခင်ဗျားတို့ လည်း ဧည့်ခံရတာ ပင်ပန်းရောပေ့ါ နားနားနေနေ နေကြပါ လိုက်မပို့နဲ့ တော့"

"ဟော ... မုစံအိမ်သခင်ကြီးနဲ့ ချောင်စံအိမ်သခင်ကြီးတို့ က ပြန် တော့မလို့ လား အားနာလိုက်တာဗျာ ကျုပ်လည်း ဒီဘက်မှာ ဧည့်ခံနေ တုန်းမို့ ဧည့်ဝတ်မကျေသလို ဖြစ်သွားရင် စိတ်ထဲ မထားရဘူးနော် ဟား ... ဟား ..."

"ဟား ... ဟား ချန်ကလန်က သခင်ကြီးကတော့ အတော်လည်း အားနာတတ်တာကိုး ပြည့်စုံပါတယ်ဗျာ ကျုပ်တို့ နားလည်ပါတယ်ဗျ နောက် ၃ နှစ်နေလို့ ကလန်စွမ်းရည် စစ်ပွဲကြမှ ပဲ ချန်သခင်လေးရဲ့ အစွ မ်းအစကို ကြည့်ဖို့ ကျုပ်တို့ အဘိုးကြီးတွေက အားမွေးထားဦးမယ်ဗျို့"

"ဟား ဟား ... ဟုတ်ပါပြီဗျာ ဒီနေ့ ဧည့်ဝတ်မကျေမှုကို စိတ်ထဲ မ ထားပါနဲ့ ဗျာ စွမ်းရည် စစ်ပွဲကြမှ ပဲ အတိုးချ ဧည့်ခံပေ့ါမယ်"

"အဟိုး ... ဘယ်လိုလုပ် စိတ်ထဲထားရပေ့ါမလဲ မထားပါဘူးဗျာ မ ထားပါဘူး"

သို့နှင့် စံအိမ်သခင် ချန်ဖေးသည် မု၊ လင်၊ ချောင် စသည့် ကလန်သခင်ကြီးများ ဘက်သို့ လှည့်၍ လက်သီးဆုပ်၍ ဂါရဝပြုကာ ...

"လိုက်မပို့တော့ဘူးနော် အစ်ကိုတော်တို့ ခရီးလမ်း ဖြောင့်ဖြူးပါစေ"

"ဟား..ဟား ကောင်းပါပြီဗျာ နောက်မှ ပြန်တွေ့ကြတာပေါ့"

သို့နှင့် စံအိမ်သခင်ကြီးများ သည် အသီးသီးမိမိတို့ စံအိမ်ရှိရာ အရပ်ဆီသို့ လေ၏ အလျင်နှင့်အတူ
အထူးပြုလုပ်ထားသော ယာဉ်ပျံများကို စီး၍ ပြန်သွားကြလေသည် ကိုကြည့်၍ ချန်ဖေး၏ မျက်နှာတွင် တော့ နောက် ၃ နှစ်အကြာ ကလန်အသီးသီး၏ လူငယ်မျိုးဆက်များ စွမ်းရည်စစ်ပွဲသို့သာ စိတ်ရောက်၍ နေလေတော့သည်။

"ဟော ... သခင်ကြီးရေ ရှင့်သားတော့ အိပ်နေပြီ ကျွန်မက အခန်းထဲ ခေါ်သွားပြီး သိပ်ထား လိုက်တော့မယ်"

ချန်ဇီအာ၏ အသံအကြားတွင် ဖခင်ချန်ဖေးမှာ မိခင်၏ ပခုံးထက်တွင် အပြစ်ကင်းစင်စွာ အိပ်ပျော်နေသော ချန်ဇီအား ကြည့်၍ သက်ပြင်းမောများ ခဏခဏချ၍ သာ နေလေတော့သည်။

ထို့နောက် ကလန်သားများအား ပစ္စည်းများ သိမ်းဆည်းရန်နှင့် ပြန်လည်နေရာ ချထားရန်တို့ ကို စီစဉ်ပြီးချိန်မှ တော့ အခန်းထဲသို့ဝင်ကာ စိတ်ဝိညာဉ် အားဖြည့် လက်ဖက်ရည်ကို ဖိမ်ခံ၍ သောက်နေပြီး ကလန်အတွက် ရှေ့ရေးကိုသာ တွေး၍ အတွေးပင်လယ်၌ အချိန်မည်မျှကြာသည် မသိ ဝင်ရောက်နေချိန်၌ ... ရုတ်တရက် ချန်ဇီအာ၏ အသံကြောင့် ထိတ်ခနဲ ဖြစ်သွားပြီးလျှင် ဘာတုန်း ဟူသော အနေဖြင့် မေးငေါ့ ပြ လိုက်လေသည်။

ထို့နောက် ပြတင်းပေါက်မှ ဝင်ရောက်လာသော လေနုအေးများ ၏ ပက်ဖြန်းမှုကို ခံစားရင်း သားငယ်အတွက် ရှေ့ရေးကိုသာ စီစဉ်ရန် ခေါင်းထဲတွင် အတွေးပေါင်းများ စွာနှင့်သာ ... မိမိ၏ သားသည် စွမ်းရည်ပြပွဲ၌ သိုင်းကျင့်၍ မရသော လူတစ်ယောက် ဖြစ်ခဲ့သော် ဆိုသော အတွေးကြီးက ရုတ်တရက် ဝင်ရောက်၍ လာလေပြီး ... ထိုသို့သော အတွေးများကြောင့် စိတ်ထဲထင့်၍ နေပြီးလျှင် ထိုအတွေးများအား ချက်ချင်း မောင်းထုတ်လိုက်ကာ အတွေးများကို ဖျက်၍ မီးအိမ်အား လောင်စာလျှော့ကာ အိပ်စက် အနားယူ လိုက်လေသည် ။

***